## Third Sunday in Ordinary Time **(January 25, 2015)**

**1st READING:** ***Jon 3:1-5, 10***

ပရောဖက်ယောနအနာဂတ္တိကျမ်း။ ( ၃ း ၁ - ၅ နှင့် ၁၀ )

ဘုရားသခင်၏နှုတ်ကပါဌ်တော်သည်ယောနထံသို့ရောက်လာသည်ကားထလော့၊နီနီဝေးမြို့တော်ကြီးသို့သွား၍သင့်အားငါမှာကြားသည့်အတိုင်းထိုမြို့တော်၌တရားဒေသနာကိုဟောပြောလော့။ ယောနသည်သခင်ဘုရား၏အမိန့်တော်အတိုင်းထ၍နီနီဝေးမြို့သို့သွားလေ၏။ နီနီဝေးမြို့သည်ကားဘုရားသခင်၏မျက်မှောက်တော်၌သုံးရက်ခရီးမျှကျယ်ဝန်းသောမြို့ကြီးတစ်မြို့ဖြစ်၏။ ယောနသည်မြို့ထဲသို့တစ်နေ့တာခရီးဝင်သွားလျက်နီနီဝေးမြို့ကြီးပျက်စီးရန်ရက်ပေါင်း(၄၀)သာကျန်တော့သည်ဟုဆို၍ကြွေးကြော်လေ၏။ နီနီဝေးမြို့သားတို့သည်လည်းဘုရားသခင်၌ယုံကြည်ကြသဖြင့်ဝါရှောင်ခြင်းအကြောင်းကိုဟောပြောကြ၍လူကြီးလူငယ်အပေါင်းတို့သည်ဂုံလျှော်အဝတ်များဖြင့်ဝတ်ဆင်ကြလေ၏။ ဘုရားသခင်သည်သူတို့၏လုပ်ဆောင်ချက်များဖြင့်သူတို့၏မကောင်းလမ်းစဉ်များမှနောင်တသံဝေဂရကြောင်းမြင်တော်မူသဖြင့်သနားတော်မူကြောင့်သူတို့အပေါ်ဒဏ်ခပ်မည်ဟုအမိန့်ရှိတော်မူခဲ့သောဒဏ်ကိုဖယ်ရှားတော်မူ၏။

ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm  Psalms  25:4-5,6-7, 8-9**

ဆာလံ ၂၄

**သံပြိုင်**။ ။ အိုဘုရားသခင်ကိုယ်တော်၏လမ်းစဉ်များကိုကျွန်ုပ်အားပြတော်မူပါ၊
R. Teach me your ways, O Lord.

၁။ ။အိုဘုရားသခင်ကိုယ်တော်၏လမ်းစဉ်များကိုသင်ပြတော်မူပါ၊ကိုယ်တော်၏ခရီးလမ်းကြောင်းများတို့ကိုညွှန်ပြတော်မူပါ။ ကျွန်ုပ်ကိုကိုယ်တော်၏သမ္မာတရားတော်၌ပဲ့ပြင်ညွှန်ပြပေးတော်မူပါ။ အကြောင်းမူကားကိုယ်တော်သာလျှင်ကျွန်ုပ်ကိုကယ်တင်တော်မူသောဘုရားရှင်ဖြစ်တော်မူ၏။ **(သံပြိုင်)**
Your ways, O LORD, make known to me; teach me your paths, Guide me in your truth and teach me, for you are God my savior

၂။ ။ အိုဘုရားသခင်ကာလအဆက်ဆက်မှကိုယ်တော်ဖော်ပြတော်မူခဲ့သောကရုဏာမေတ္တာတော်ကိုသတိရတော်မူပါ။ ကိုယ်တော်သည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော်၏ကရုဏာတော်နှင့်ကျွန်ုပ်ကိုသတိရတော်မူပါ။ **(သံပြိုင်)**
Remember that your compassion, O LORD, and your love are from of old. In your kindness remember me, because of your goodness, O LORD.

၃။ ။ ဘုရားသခင်သည်ကောင်းသောသဘော၊ဖြောင့်မတ်သောသဘောနှင့်ပြည့်စုံတော်မူသည်ဖြစ်၍အပြစ်ရှိသူတို့ကိုသွန်သင်တော်မူ၏။ နှိမ့်ချသောသူတို့အားဖြောင့်မတ်ခြင်းသဘောနှင့်ပဲ့ပြင်တော်မူ၍မိမိလမ်းစဉ်ကိုသင်ကြားပေးတော်မူ၏။ **(သံပြိုင်)**
Good and upright is the LORD; thus he shows sinners the way. He guides the humble to justice and teaches the humble his way.

**2nd READING:** ***1 Cor 7:29-31***
မွန်မြတ်သောတပည့်တော်ကြီးသံပေါလူး ကော်ရင်းသီမြို့သားတို့ထံရေးသောစာပထမစောင် (၇ း၂၉ မှ ၃၁ အထိ)

ညီအစ်ကိုတို့၊-

ကျွန်ုပ်ပြောရမည်ဆိုလျှင်ကျန်ရှိနေသေးသောအချိန်ကား တိုတောင်းလှ၏။ သို့ဖြစ်၍ယခုအချိန်မှစပြီး မယားရှိသောသူသည်မရှိသကဲ့သို့လည်းကောင်း၊ ငိုကြွေးသောသူတို့သည်မငိုကြွေးသကဲ့သို့လည်း ကောင်း၊ ဝမ်းမြောက်သောသူတို့သည်ဝမ်းမြောက်ရွှင်လန်းခြင်းမရှိသကဲ့သို့လည်းကောင်း၊ ဥစ္စာပစ္စည်း များကိုဝယ်ယူသောသူတို့သည်မည်သည့်အရာကိုမျှမပိုင်ဆိုင်သကဲ့သို့လည်းကောင်း၊ လောကနှင့်ဆို သောအရာတို့ကိုအသုံးပြုသောသူတို့သည်မည်သည့်အရာကိုမျှမပိုင်သကဲ့သို့လည်းကောင်း၊ ဖြစ်ရ မည်။ အဘယ်ကြောင့်ဆိုသော်ဤကမ္ဘာကြီးသည်ရွေ့ရှားပျောက်ကွယ်နေလေပြီ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Mark 1:14-20***

သံယောဟန်ရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်း။ (၁ း ၁၄ မှ ၂၀ အထိ )

ယောဟန်အချုပ်ခံရပြီးနောက်ယေရှုးသည်ဂါလိလေအားပြည်သို့ကြွတော်မူ၍ဘုရားသခင်နိုင်ငံတော်၏ဧဝံဂေလိတရားတော်ကိုဟောတော်မူလျက်မိန့်တော်မူသည်ကား။ အချိန်ပြည့်စုံလေပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည်နီးလာပြီ၊ နောင်တရကြ၍ဧဝံဂေလိတရားတော်ကိုယုံကြည်ကြလော့၊ ဂါလိလေအားပင်လယ်နားမှာလျှောက်တော်မူစဉ်တွင်စီမုန်နှင့်သူ၏အစ်ကိုအန္ဒြေယ်တို့သည်ကင်လယ်၌ပိုက်ကွန်ချသည်ကိုမြင်တော်မူ၏။ အကြောင်းမူကားသူတို့သည်တံငါသည်များဖြစ်ကြ၏။ ယေရှုးကလည်းငါ့နောက်သို့လိုက်ကြလော့။ လူတို့ကိုဖမ်းသောတံငါဖြစ်စေမည်ဟုမိန့်တော်မူ၏။ သူတို့သည် ချက်ခြင်းပိုက်ကွန်များကိုထားခဲ့၍နောက်တော်သို့လိုက်ကြလေ၏။ ထိုမှအနည်းငယ်ရှေ့သို့ကြွပြန်တော်မူလျှင်ဇေဗေဒေ၏သားယာကုပ်နှင့်ညီယောဟန်တို့သည်လည်းသင်္ဘောပေါ်၌ပိုက်ကွန်များကိုပြင်လျက်နေကြသည်ကိုမြင်တော်မူ၍သူတို့ကိုချက်ခြင်းခေါ်တော်မူ၏။ သူတို့သည်လည်းမိမိတို့အဖဇေဗေဒေကိုသူငှားတို့နှင့်တကွသင်္ဘော၌ထားခဲ့ကြ၍နောက်တော်သို့လိုက်ကြလေ၏။

ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်။